# ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး

# ၁၅ ရက်မြောက်နေ့ အစီအစဉ်

# [ ၆- ၁၁ - ၂၀၁၃ ]

# ( ဗုဒ္ဓဟူးနေ့)

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၅ ရက်မြောက်နေ့ အစည်းအဝေးအစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးအောင်မြင့်သိန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ကော့ကရိတ် မြို့နယ်၊ အံဖကြီးကျေးရွာ၊ အံဖကြီးချောင်းကူးတံတား တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်း ဆက်သွယ်သည့် ပဲခူးမြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **စိုက်ပျိုးရေးဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့ ပြဌာန်းထားချက်များ မကိုက်ညီသောကြောင့် စိုက်ပျိုးရေးဝန်ထမ်းများ အငြိမ်းစားခံစားခွင့် နစ်နာနေသည့်ကိစ္စ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **မြန်မာ - အိန္ဒိယ နယ်စပ်တစ်လျှောက်ရှိ နယ်စပ်ကားလမ်း(၇)ခုကို အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ပေါက်များအဖြစ် တရားဝင်ဂိတ်များ ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **လက်ပံတန်းမြို့နယ်၊ မြေစီးကျေးရွာနှင့် ကြို့ပင်စခန်းရွာကြားရှိ ကြံ့ခိုင်မှုမရှိသော အောင်စိုးမိုး သစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)(ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်း ကော်မတီ)၏ **ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ်၊ နတ္တလင်း-ဒမငယ်-တောင်ညိုလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအပေါ် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာတွင် ဖော်ပြထားသော လေ့လာ စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်များအပေါ် အရေးယူပြုပြင် လိုက်နာဆောင်ရွက်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

- ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

၇။ ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ၏ **အဆင့်မြင့်နည်းပညာ တက္ကသိုလ်များ (Centres of Excellence) ပေါ်ပေါက်လာ၍ အရည်အချင်း ပြည့်ဝသော နည်းပညာကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရေး လက်တွေ့ကျစွာ ပုံဖော်မည့် အစီအစဉ် (Realistic Scenario) ဖြင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **နိုင်ငံတော်အနေနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်း၏ အကျိုးသက်ရောက်မှုအပေါ် တုံ့ပြန်ဆောင်ရွက်ရေး အမျိုးသားအဆင့် ကော်မရှင်ကဲ့သို့သော ဝန်ကြီးဌာနပေါင်းစုံ ဘာသာရပ်ဆိုင်ရာ NGO/ INGO များ၊ ပညာရှင်များစုံညီစွာပါဝင်နိုင်မည့် အမျိုးသားအဆင့်အဖွဲ့အစည်းကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ရန်ပုံငွေသတ်မှတ်လျာထားခြင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်ပေါင်းစပ်၍ သတင်းအချက်အလက်နှင့်နည်းပညာ ဖလှယ်ရယူခြင်းဖြင့် နှစ်ရှည်အမျိုးသားစီမံကိန်းတစ်ရပ်ကို နိုင်ငံတော်နှင့် ပြည်သူအကျိုး မျှော်ကိုး၍ ချမှတ်ဆောင်ရွက်သွားရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၉။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၁၅ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၁၆ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။